Myanmar Peace Monitor

# Weekly News Review

Issue 133, 29 Nov - 5 Dec  2023

# စစ်အင်အား ချို့နဲ့ကျပ်တည်းလာခြင်းနှင့် အာဏာသိမ်းစစ်တပ်၏ ပြိုပျက်ခြင်းလက္ခဏာများ



# စစ်အင်အားချိနဲ့ကျပ်တည်းလာခြင်းနှင့် အာဏာသိမ်းစစ်တပ်၏ပြိုပျက်ခြင်းလက္ခဏာများ

## နိဒါန်း

အာဏာသိမ်းစစ်အုပ်စု၏ စစ်အင်အားကို စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင်ပင် အချက်လက်မှန်ကန်စွာ မသိနိုင်ဟု စစ်ရေးနိုင်ငံရေးလေ့လာ သုံးသပ်သူများကဆိုလေ့ရှိကြသည်။ တချို့က ၅သိန်း၊ တချို့က ၃သိန်းစသဖြင့် အမျိုးမျိုး ခန့်မှန်းလျက်ရှိကြသည်။ သို့နှင့်တိုင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ခဲ့ သည့် စစ်အာဏာ သိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စု၏ မြေပြင်စစ်ချီအင်အားသည် သိသာစွာ ကျဆင်းသွားခဲ့သည်ကိုတော့ မည်သို့မျှငြင်းဆိုနိုင်လိမ့်မည်မဟုတ်ပေ။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များနှင့် နွေဦးတော်လှန်ရေး အင်အားစုများ ပေါင်းစုဆင်နွှဲနေသော ခုခံတော်လှန်စစ်၏ အရှိန်အဟုန်ပြင်းပြင်း၊ စစ် မျက်နှာအပြန့်ကျယ်ကျယ်ထဲတွင် အာဏာသိမ်းစစ်အုပ်စုသည် လေကြောင်းပစ်ကူခြင်း၊ လေကြောင်းမှ ထိုးစစ်ဆင်ခြင်းမျိုးကိုသာ ပိုမိုအားပြုနေရပါသည်။ တိုက်ပွဲများအတွင်း စစ် ကောင်စီတပ်သားသေဆုံးခဲ့သည့် ကိန်းဂဏန်းများ မြင့်တက်လာသကဲ့သို့ လက်နက်ချ အညံ့ခံသည့် ဖြစ်စဉ်များသည်လည်း ပိုမိုမြင်တွေ့လာရပြီဖြစ်သည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက် တွင် အာဏာသိမ်းစစ်အုပ်စု၏ စစ်အင်အားချိနဲ့ကျပ်တည်းလာခြင်းနှင့် ပြိုပျက်ခြင်း လက္ခဏာများကို ဖြစ်စဉ်ဖြစ်ရပ်များ၊ အချက်အလက်များအခြေပြုကာ ချဉ်းကပ်လေ့လာ တင်ပြသွားပါမည်။

Myanmar Peace Monitor

# ထူးခြားသတင်းဖြစ်စဉ်

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်၏ အရှေ့ပိုင်းကာလများအတွင်း စစ်ပြေးမှုအဖြစ် ကြေညာခံထားရသူများအနေဖြင့် စစ်ကောင်စီတပ်တွင် စစ်မှုထမ်းရန် ရည်ရွယ်ချက်ဖြင့် ပြန်လာမည်ဆိုပါက စစ်ပြေးမှုအဖြစ်မသတ်မှတ်ဘဲ ခွင့်မဲ့ပျက်ကွက်မှုအဖြစ်သာ သတ်မှတ်ပြီး စစ်မှုထမ်းရန် လက်ခံဆောင်ရွက်ပေးသွားမည်ဟု ၂၀၂၃ ခုနှစ် ဒီဇင် ဘာလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် စစ်ကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောဆိုထားပါသည်။

စစ်စည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများလက်စွဲစာစောင်အမှတ်(၂)တွင် စစ်ပြေးမှုဟူသည် စစ်တပ်သို့ ပြန်လာရန် ရည်ရွယ်ချက်မရှိသော ခွင့်မဲ့ပျက်ကွက်ခြင်းဟု အဓိပ္ပါယ်ရသဖြင့် ၎င်းတို့ထံပြန်လာပြီး စစ်မှုထမ်းရန်ရည်ရွယ်ချက်ရှိပါက စစ်ပြေးမှုမမြောက်ဟုလည်း ၎င်းက ဆိုပါသည်။



၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင်တော့ ပဲခူးတိုင်းပေါင်းတည်အကျဉ်းထောင်မှ စစ်စည်းကမ်းဖောက်ဖျက်မှုများဖြင့် အကျဉ်းကျနေသည့် အသက် ၂၅ နှစ်မှ အသက် ၅၀အတွင်း အမျိုးသား (၁၇) ဦးကို လွှတ်ပေးခဲ့သည်ဟု သိရပါသည်။ လွှတ်ပေးခြင်းခံရသည့် အဆိုပါအမျိုးသား (၁၇) ဦးထဲတွင် ထောင် ၃ နှစ်မှ ၅ နှစ်အထိ ပြစ်ဒဏ်ကျခံနေရသူများ ဖြစ်သည်ဟု ဆိုပါသည်။ အခြားသော အကျဉ်းထောင်များတွင်လည်း စစ်ပြေးမှုဖြင့်ထောင်ကျနေသူများအား ပြန်လွှတ်ပေးနေသည်ဟု အကျဉ်းထောင်နှင့် နီးစပ်သူများက ပြောပါသည်။ [1]

မန္တလေးတိုင်းအတွင်းရှိ အိုးဘိုအကျဉ်းထောင်နှင့် ထုံးဘိုရဲဖက်စခန်းတို့မှ ထောင်ကျနေသည့် စစ်ပြေး (၁၀) ဦးခန့်ကိုလည်း စစ်ကောင်စီတပ်ခေါ်ထုတ်ရန် ရှိသည်ဟု သိရပါသည်။ ရှေ့တန်းစစ်မျက်နှာသို့ ပို့ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ခေါ်ထုတ်ခြင်းဟုဆိုပြီး တပ်သားအဆင့်မှ တပ်ကြပ်အဆင့်အတွင်းရှိ အကျဉ်းကျတပ်သားများကိုသာ ရွေးချယ်ခေါ်ထုတ်ခြင်းဖြစ်ကြောင်း စစ်ကောင်စီလက်အောက်ခံ အကျဉ်းဦးစီးဌာနမှ သတင်းအရင်းအမြစ်များက ဆိုပါသည်။ [2]

1 စစ်မှုပြန်ထမ်းခွင့်ပြုမယ်လို့ ကြေညာပြီးနောက် ခွင့်မဲ့နဲ့ စစ်ပြေးအကျဉ်းသားတချို့ ပြန်လွှတ်၊ အာအက်ဖ်အေ၊ https://bit.ly/487rzhq

2 ရှေ့တန်းပို့ရန်ထောင်ထဲမှ အောက်ခြေစစ်သားများကိုခေါ်ထုတ်၊ မြန်မာနောင်း၊ https://bit.ly/3TcGrXu


ဆိုခဲ့ပါဗိုလ်ချုပ်ဖော်မင်းထွန်း၏ စစ်ပြေးများအား ဖိတ်ခေါ်မှုနှင့် အကျဉ်းကျနေသည့် စစ်ပြေးများအား လွတ်ငြိမ်းခွင့်ပေးခြင်း၊ အပြင်သို့ခေါ်ထုတ်ခြင်း သတင်းဖြစ်စဉ်များသည် ထူးခြားသကဲ့သို့ အာဏာသိမ်းစစ်အုပ်စု၏ ရှေ့တန်းစစ်မျက်နှာတွင် စစ်အင်အား မလုံလောက်မှု၊ ချိနဲ့ကျပ်တည်းလာမှုကိုလည်း ညွှန်းပြနေသည်ဟု ဆိုရမည်ဖြစ်သည်။

## အချက်အလက်များ၊ ဖြစ်စဉ်ဖြစ်ရပ်များ

မိမိတို့ BNI-Myanmar Peace Monitor အနေဖြင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတိုက်ပွဲဆိုင်ရာ အကြောင်းချင်းရာများကို နေ့စဉ်စောင့်ကြည့်မှတ်တမ်းပြုနေသကဲ့သို့ တိုက်ပွဲများအတွင်း သေဆုံးမှု၊ ဒဏ်ရာရရှိမှုနှင့် ဖမ်းဆီးခံရမှုများကိုလည်းစစ်ကောင်စီတပ်၊တော်လှန်ရေးအင်အားစုနှင့် အရပ်သားပြည်သူအဖြစ် ပိုင်းခြားသတ်မှတ်ကာ နေ့စဉ်သတင်းဖော်ပြမှုများအပေါ်အခြေပြုပြီး ကိန်းဂဏန်းအချက်အလက်များဖြင့် မှတ်တမ်းပြုထားပါသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ရက်မှ ၂၀၂၃ ခုနှစ် နိုဝင်ဝင်ဘာလ ၃၀ ရက်အထိ လပေါင်း (၁၇)လအတွင်း စစ်ကောင်စီတပ်သား (၁၀၂၅၆) ဦး သေဆုံးခဲ့ပြီး ၆၇၄ ဦး ထိခိုက်ဒဏ်ရာရှိခဲ့သည်ကို တွေ့ရပါသည်။ စစ်ကောင်စီတပ်သား (၆၆၇) ဦးသည် တိုက်ပွဲများအတွင်း ခုခံတော်လှန်ရေးအင်အားစုများ၏ ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ ဖော်ပြပါ ကိန်းဂဏန်းများသည် နေ့စဉ်သတင်းတွေ့ရှိချက်များပေါ် အခြေပြုထားခြင်းဖြစ်သဖြင့် ယခုထက်လည်း ပိုမိုများပြားနိုင်သေးသည်ဟု မှတ်ယူနိုင်ပါသည်။

လေ့လာတွေ့ရှိချက်အရ စစ်ကိုင်းတိုင်းသည် စစ်ကောင်စီတပ်သား သေဆုံးမှု (၃၂၂၉) ဦးဖြင့် အများဆုံးဖြစ်နေပြီး မကွေးတိုင်းသည် ဒုတိယသေဆုံးမှုအများဆုံး ဖြစ်ပါသည်။ ကရင်၊ ချင်း၊ ကရင်နီ(ကယား)၊ ပဲခူးအရှေ့ပိုင်း၊ မန္တလေး၊ တနင်္သာရီ၊ ရှမ်း(မြောက်ပိုင်း)၊ ကချင်၊ ရှမ်း(တောင်ပိုင်း)၊ ပဲခူးအနောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ရာနှင့်ချီသော စစ်ကောင်စီတပ်သားသေဆုံးမှုများကို တွေ့ရပါသည်။ ရန်ကုန်၊ ဧရာဝတီနှင့် နေပြည်တော်ကောင်စီနယ်မြေထဲတွင်လည်း တိုက်ပွဲများ၊ ပစ်မှတ်ထား တိုက်ခိုက်မှုများကြောင့် စစ်ကောင်စီတပ်သား သေဆုံးမှုများ ရှိနေပါသည်။



မိမိတို့ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးတိုက်ပွဲများအတွင်း ၅၀ နှင့်အထက် စစ်ကောင်စီတပ်သားများ သေဆုံးခဲ့ရသည့် တိုက်ပွဲဖြစ်စဉ် (၁၂) ခုအထိ ရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်၊ ကရင်နီ (ကယား)ပြည်နယ် လွိုင်ကော်မြို့ပေါ်ရှိ လွိုင်ကော်တက္ကသိုလ်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်များအား ကရင်နီဒေသတွင်း ခုခံတော်လှန်ရေးပူးပေါင်းတပ်များက တိုက်ခိုက်ရာ စစ်ကောင်စီတပ်၏ တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူးအပါအဝင် စစ်ကောင်စီတပ်သား (၁၁၀)ကျော် သေဆုံးခဲ့ရသည်။ စစ်ကောင်စီတပ်သား (၃၈)ဦးကိုလည်း စစ်သုံ့ပန်းအဖြစ် ကရင်နီတော်လှန်ရေးပူးပေါင်းတပ်များက ဖမ်းဆီးခဲ့သည်။ နိုင်ဝင်ဘာ ၁၄ ရက်၊ ညနေပိုင်းတွင်မူ တက္ကသိုလ်ဝန်းအတွင်း ကျန်ရှိနေသည့် စစ်ကောင်စီတပ် ခွဲမှူးနှင့် တပ်သား ၃၂ ဦး လက်နက်ချအညံ့ခံခဲ့သည်ကို တွေ့ရသည်။ [3]



ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်စွန်းနှင့် ကြာအင်းရွာများတွင် အခြေစိုက်သည့် စစ်ကောင်စီ၏ ခြေလျင်တပ်ရင်း (ခလရ) ၂၈၃ ၊ ခလရ ၃၂၊ ခလရ ၂၈၄ တပ်ရင်းများ၊ နယ်ခြားစောင့်တပ်(BGF) အမှတ် ၁၀၂၂ လက်အောက်ခံတပ်ရင်းများအား ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ဦးဆောင်သည့် တော်လှန်ရေးပူးပေါင်းတပ်များက တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၁၀၀ နီးပါးသေဆုံးခဲ့ရသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ရက်မှ ၅ ရက်အထိ ကြာမြင့်သည့် အဆိုပါတိုက်ပွဲအတွင်း တော်လှန်ရေးပူးပေါင်းတပ်များဘက်မှ တပ်ဖွဲ့ဝင် (၁၅) ဦးကျဆုံးခဲ့ပါသည်။ [4]

3 လွိုင်ကော်တက္ကသိုလ်၌ တပ်စွဲထားသည့် စစ်ကောင်စီတပ်ရင်းမှူးအပါအဝင် ၁၁၀ ကျော် သေဆုံး၊ ကျန်တပ်ဖွဲ့ဝင်များ လက်နက်ချ၊ မစ္ဆိမ၊ https://bit.ly/3NgOCy5

4 တောင်စွန်းနှင့် ကြာအင်းတိုက်ပွဲတွင် စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀၀ခန့်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ဝင် ၁၅ဦးကျဆုံးခဲ့၊ ကေအိုင်စီ၊ https://bit.ly/46P7tY0




၂၀၂၃ ခုနှစ် မတ်လ တတိယအပတ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါ်တမကြီးတိုက်ပွဲ[5]၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကသိုင်းဂျားတောင်တိုက်ပွဲ[6]၊ ချင်းပြည်နယ် ဖလမ်းမြို့နှင့်ဟားခါးမြို့အကြား ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း တိုက်ပွဲများ[7]သည်လည်း စစ်ကောင်စီတပ်သားများ အကျဆုံးအများဆုံးတိုက်ပွဲများ ဖြစ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ရှမ်းမြောက်ဒေသတွင်စတင်ခဲ့သည့် ၁၀၂၇စစ်ဆင်ရေးအတွင်း တပ်ရင်းအလိုက် လက်နက်ချအညံ့ခံခဲ့သည့် ဖြစ်စဉ်များကြောင့်လည်း ရာနှင့်ချီသော စစ်သည်အင်အားများ လျော့ကျသွားစေပါသည်။

## သုံးသပ်တင်ပြချက်

တိုက်ပွဲများအတွင်း သောင်းနှင့်ချီသော စစ်ကောင်စီတပ်သားများ သေဆုံးမှုသည် စစ်အုပ်စု၏ စစ်သည်အင်အား ပြုန်းတီးလျော့ပါးလာမှုကို ထင်ရှားစေပါသည်။ အကြမ်း

---

5 ဒီးမော့ဆိုမြို့နယ် တိုက်ပွဲတွင် စစ်ကောင်စီတပ်သား အရာရှိအပါအဝင် အများအပြားသေဆုံး၊ လက်နက်များ သိမ်းဆည်းရမိ၊ မဇ္ဈိမ၊ https://bit.ly/46Q7wD9

6 ကသိုဂျားတောင်တိုက်ပွဲတွင် စစ်ကောင်စီတပ်သားအားလုံးနီးပါးသေဆုံး တပ်စိတ်မှူးနဲ့မိသားစုကို ဖမ်းဆီးရမိ၊ မဇ္ဈိမ၊ https://bit.ly/3GA5w7o

7 ဖလမ်း-ဟားခါးကြားတိုက်ပွဲအတွင်း စစ်ကောင်စီဘက်က ၆၀ ကျော်သေဆုံး၊ ခိုနူးသုန်၊ https://bit.ly/3RwOxZD

**စစ်တပ်ဟာ တည်ငြိမ်ရေး ဒါမှမဟုတ် စည်းလုံးညီညွတ်တဲ့ အင်အားစုအဖြစ် လုပ်ဆောင်နိုင်တယ်ဆိုတဲ့ အယူအဆမှန်သမျှကို ရပ်တန့်ထားသင့်တယ်။ အမှန်တရားက အဲဒါနဲ့ဆန့်ကျင်ဘက်ပါပဲ။ စစ်အစိုးရက ပရမ်းပတာနဲ့ အကြမ်းဖက်မှုတွေကို လုပ်နေသူသာဖြစ်တယ် ...**

မဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်လာသည့် စစ်ကောင်စီလက်အောက်ခံရဲနှင့်စစ်သားအရေအတွက်သည်လည်း သောင်းဂဏန်းကျော်အထိရှိနေပြီဖြစ်သည်။ ထို့ကြောင့် စစ်အာဏာသိမ်းမှုအောင်မြင်ရေးနှင့် စစ်အာဏာရှင်စနစ် အခွန့်ရှည်စေရေးအတွက် စစ်ချီစစ်ထွက်ပေးမည့် စစ်သည်အင်အားဖြည့်တင်းနိုင်ရေးသည် အရေးပါသည့်လုပ်ငန်းစဉ်တရပ် ဖြစ်လာပါသည်။

စစ်အုပ်စုထောက်ခံသူများအား စစ်သင်တန်းပေးကာ လက်နက်တပ်ဆင်ပေးခြင်း၊ စစ်မှုထမ်းဟောင်းများအား စစ်ဖက်တာဝန်များပြန်လည်ပေးအပ်ခြင်းနည်းလမ်းများသည်ပင် စစ်အုပ်စု၏ အင်အားချိန့်ကျပ်တည်းလာမှုကို ဖာထေးပေးနိုင်ခြင်း မရှိတော့သဖြင့် အကျဉ်းထောင်အတွင်းမှ စစ်ပြေးမှုဖြင့် အကျဉ်းကျစစ်သားများအား ရှေ့တန်းစစ်မြေပြင်သို့ ပို့ဆောင်ရန် ပြင်ဆင်လာခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

ထို့ပြင် ရာနှင့်ချီသော စစ်စခန်းများအား နွေဦးတော်လှန်ရေးအားစုများထံ လက်လွတ်ဆုံးရှုံးလိုက်ရခြင်းနှင့် ဆယ်နှင့်ချီ မြို့များအား လက်လွတ်ဆုံးရှုံးနေရခြင်းကို ထောက်ရှုကြည့်ပါက အာဏာသိမ်းစစ်အုပ်စုလက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များ၏ တိုက်ရည်ခိုက်ရည်ကျဆင်းလာမှု၊ စိတ်ဓာတ်ပျက်ပြားမှုနှင့် စစ်အင်အားချိန့် ကျပ်တည်းလာခြင်းတို့ကို ထင်ရှားစေပါသည်။ ဤသို့သောအကြောင်းချင်းရာများသည်ပင် အာဏာသိမ်းစစ်တပ်၏ ပြိုပျက်ခြင်းလက္ခဏာများကို ညွှန်ပြနေပြီ ဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ တွမ်အင်ဒရူး၏ စစ်အုပ်စုအပေါ် ရှုမြင်ထားပုံဖြင့် အဆုံးသပ်ပါမည်။

"စစ်တပ်ဟာ တည်ငြိမ်ရေး ဒါမှမဟုတ် စည်းလုံးညီညွတ်တဲ့ အင်အားစုအဖြစ် လုပ်ဆောင်နိုင်တယ်ဆိုတဲ့ အယူအဆမှန်သမျှကို ရပ်တန့်ထားသင့်တယ်။ အမှန်တရားက အဲဒါနဲ့ ဆန့်ကျင်ဘက်ပါပဲ။ စစ်အစိုးရက ပရမ်းပတာနဲ့ အကြမ်းဖက်မှုတွေကို လုပ်နေသူသာ ဖြစ်တယ်"။ [8]

8 Urgent action needed to save lives amid intensifying conflict in Myanmar, says UN expert, https://bit.ly/41et8rv



# နိုင်ငံရေးတက်ကြွသူ အမျိုးသမီးတစ်ဦး ထောင်ဒဏ်အနှစ် ၂၀ ချခံရ

၄ ဒီဇင်ဘာ ၂၀၂၃

စစ်ကောင်စီက ဖမ်းဆီးထားသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အသက် ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ပုသိမ်ထောင်တွင်း အထူးတရားရုံးက ထောင်ဒဏ် ၂၂ နှစ်ချမှတ်လိုက်သည်ဟု ပုသိမ်ခရိုင် တရားရေးဌာန အသိုင်းအဝိုင်းနှင့် နီးစပ်သူများက ပြောသည်။

တရားလွှတ်တော်ရှေ့နေတစ်ဦးက "ပုသိမ်ခရိုင် တရားသူကြီးက အမိန့်ချတာပါ၊ ကလေးမလေးကတော့ ရုံးတော်မှာ စစ်ကောင်စီရဲ့စွပ်စွဲချက်တွေကို ဖြောင့်ချက်ပေးတာ ဝန်ခံတာမလုပ်ခဲ့ဘူး။ ကလေးမပြောတာက သတ်ချင်သတ်၊ ထောင်ချချင်ချ၊ ဘာကိုမှ အပြစ်ရှိတယ်လို့ ဝန်မခံဘူးဆိုတာပဲ" ဟု ပြောသည်။

ပုသိမ်မြို့ အမှတ် ၈ ရပ်ကွက် စမ်းခြံရပ်၊ မဟာဗောဓိလမ်းတွင် နေထိုင်သော မချစ်စုထွန်း (ခေါ်) မချစ်ပုကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖမ်းဆီးကာ အကြမ်းဖက်မှုအပြင် PDF နှင့် CDM များကို ထောက်ပံ့မှု၊ ပုသိမ်မြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဗုံးဖေါက်ခွဲမှုများနှင့် ပတ်သက်၍ အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

စစ်ကောင်စီတပ်က ၎င်းတို့၏ လက်အောက်ခံတရားရုံးတွင် စွပ်စွဲတိုင်ကြား အမှုဖွင့်ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာလ ၃၀ ရက်နေ့က ထိုသို့ထောင်ဒဏ် ၂၂ နှစ် အမိန့်ချလိုက်ခြင်းဖြစ်သည်။

မချစ်စုထွန်း (ခေါ်) မချစ်ပုကို အကြမ်းဖက်မှုပုဒ်မအပါအဝင် ပုဒ်မ ၃ ခုဖြင့် တဘက်သတ်စွပ်စွဲပြီး ထောင်ဒဏ်၂၂ နှစ် အမိန့်ချလိုက်သော်လည်း ချုပ်ရက်များအတွက် လျှော့ပေါ့ခံစားခွင့် မရကြောင်း တရားလွှတ်တော်ရှေ့နေက ဆက်ရှင်းပြသည်။

ထောင်ဒဏ် ၂၂ နှစ် အမိန့်ချခံရသော မချစ်စုထွန်း (ခေါ်) မချစ်ပုသည် ပုသိမ်တက္ကသိုလ်က B.SC ဘွဲ့ရထားသူ ဖြစ်ပြီး စစ်အာဏာမသိမ်းခင်က လူမှုရေး၊ ရပ်ရေးရွာရေးနှင့် လူ့အခွင့်အရေးကဏ္ဍတို့တွင် တက်ကြွစွာ ပါဝင်ခဲ့သူတစ်ဦး ဖြစ်သည်။

ထို့နောက် ၂၀၂၁ ခုနှစ်တွင် စစ်အာဏာသိမ်းမှု ဖြစ်လာချိန်တွင် စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင် ဆန္ဒဖေါ်ထုတ်ခဲ့သော နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦး ဖြစ်လာသည်ဟု သူမနှင့် နီးစပ်သူ မိတ်ဆွေအချို့က ပြောသည်။


သူမနှင့်နီးစပ်သူတစ်ဦးက "ကောင်မလေးက အရပ်ပုပု လူကောင်သေးသေးဗျ။ ဘွဲ့ရပြီးသား စစ်တပ် အာဏာသိမ်းတော့ အများနည်းတူ ဆန္ဒပြတာတော့ရှိတယ်။ အခုတော့ဖမ်းပြီး အကြမ်းဖက်ပုဒ်မတွေနဲ့ ထောင်နှစ် ၂၀ ကျော် ချလိုက်တယ်" ဟု ပြောသည်။

မချစ်စုထွန်း (ခေါ်) မချစ်ပုကို ၂၀၂၃ ခုနှစ် ဖွန်လအတွင်းက သူမ၏ နေအိမ်၌ စစ်ကောင်စီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ ဝင်များ ပါဝင်သော အင်အား ၃၀ ကျော်ခန့်ဖြင့် လမ်းထိပ်နှစ်ဘက်ကို ပိတ်ဆို့ကာ ဖမ်းဆီးခဲ့ကြခြင်း ဖြစ်ကြောင်း မြို့ခံများက ပြောသည်။

ပုသိမ်ထောင်တွင်း၌ အကြမ်းဖက်စစ်ကောင်စီ၏ သေဒဏ်အမိန့်နှင့် ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံထားရသော နိုင်ငံရေးအကျဉ်းသားများ အပါအဝင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သူများကို ပုဒ်မအမျိုးမျိုးတပ်ပြီး ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသား အမျိုးသား၊အမျိုးသမီး အယောက် ၆၀၀ နီးပါး ရှိနေသည်ဟု အကျဉ်းဦးစီးဌာန ဝန်ထမ်းတချို့က ပြောပါသည်။

BNI-MPM

# နွေဦးတော်လှန်ရေးအင်အားစုများမှ
# သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၁၇ မြို့



## ရွှေပြည်အေး

နိုဝင်ဘာလ ၂၁ ရက်နေ့ကစပြီး ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့ကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီတပ်သား ၈ ယောက်ကိုလည်း ဖမ်းမိခဲ့သည်။

## ခါမ်းပါတ်

နိုဝင်ဘာလ ၄ ရက်နေ့ကစပြီး တမူးမြို့နယ်၊ ခါမ်းပါတ်မြို့ရှိ စစ်ကောင်စီတပ်နှင့် မြို့မရဲစခန်းတို့ကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များမှ ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၇ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

## ကောလင်း

နိုဝင်ဘာလ ၃ ရက်နေ့ကစပြီး ကောလင်းမြို့နယ်၊ ကောလင်းမြို့ရှိ စစ်ကောင်စီတပ်နှင့် မြို့မရဲစခန်းတို့ကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်းတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၆ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

## ရိခေါဒါရ်

နိုဝင်ဘာလ ၁၃ ရက်နေ့က အိန္ဒိယ - မြန်မာနယ်စပ် အမှတ် ၂ ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ ရိခေါဒါရ်မြို့ အခြေစိုက် စစ်ကောင်စီတပ်စခန်း (၂) ခုကို CNF/CNA၊ CDF – Zanniatram ၊ PDA – Tedim၊ CDF – Thantlang နှင့် ဒေသအခြေစိုက် CDF – Hualngoram တို့က တိုက်ခိုက်သိမ်းပိုက်ပြီး မြို့အား ထိန်းချုပ်နိုင်ခဲ့သည်။

## လိုင်လင်းပီ

နိုဝင်ဘာလ ၂၀ ရက်နေ့ကစပြီး မတူပီမြို့နယ်၊ လိုင်လင်းပီမြို့ရှိ စစ်ကောင်စီအထိုင်စခန်းများကို ချင်းကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

## ရေဇွာ

နိုဝင်ဘာလ ၂၆ ရက်နေ့က စတင်ပြီး ZZLMS စစ်ဆင်ရေး အမည်ဖြင့် ချင်းပြည်နယ်၊ ဇိုတုန်ဒေသက ရေဇွာမြို့ကို ချင်းအမျိုးသားတပ်မတော်(CNA) နှင့် ချင်းဒေသကာကွယ်ရေး ပူးပေါင်းတပ်များကထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မြို့ကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။

## မယ်စဲ့

ဇွန်လ ၁၃ ရက်နေ့ကစပြီး မယ်စဲ့မြို့နယ်ရှိ စစ်ကောင်စီ၏ တပ်စခန်းအားလုံးကို ကရင်နီတပ်ပေါင်းစုဖြစ်သည့်ကရင်နီတပ်မတော် (KA)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)၊KNPLF, KNU/KNLA တို့ ပါဝင်သည့် 4K အဖွဲ့နှင့် PDF များ ပူးပေါင်း တိုက်ခိုက်သိမ်းယူခဲ့ပြီး ဇွန်လ ၂၄ ရက်နေ့တွင် မယ်စဲ့မြို့ကို သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

## မုန်း

ဒီဇင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့ရှိ စစ်ကောင်စီတပ်စခန်းများကိုကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(K.N.L.A) နှင့် တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များက တိုက်ခိုက်ခဲ့ရာ ဒီဇင်ဘာလ ၄ ရက်နေ့တွင် မုန်းမြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

## အင်ဂျန်းယန်

နိုဝင်ဘာလ ၂၀ ရက်နေ့က အင်ဂျန်းယန်မြို့နယ်၊ အင်ဂျန်းယန်မြို့အတွင်းမှ စစ်ကောင်စီတပ်စခန်းနှစ်ခုနှင့် ရဲစခန်းမှာ တာဝန်ထမ်းဆောင်နေသူအားလုံး တပ်စခန်းများကနေ အသီးသီးထွက်ခွာသွားကြသည်။

## နမ့်ခမ်း

နိုဝင်ဘာ ၅ ရက်နေ့မှ စတင်ပြီး နမ့်ခမ်းတစ်မြို့လုံးနီးပါးကို ထိန်းချုပ်ထားနိုင်ခဲ့သည့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ပူးပေါင်းတပ်များက စစ်ကောင်စီနှင့် ပြည်သူ့စစ်များ တပ်စွဲထားသည့် မြို့လယ်ဘုရားဝင်းအတွင်းမှ နောက်ဆုံးလက်ကျန် စစ်ကောင်စီတပ်စခန်းကို နိုဝင်ဘာလ ၇ ရက်နေ့က တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး မြို့အား ထိန်းချုပ်နိုင်ခဲ့သည်။

## ချင်းရွှေဟော်၊ ဖောင်းဆိုင်၊ ကြူကုတ်(ပန်ဆိုင်း)၊သိန္နီ

အောက်တိုဘာလ ၂၇ ရက်နေ့မှစပြီး Operation 1027 (၁၀၂၇ စစ်ဆင်ရေး) ကို ညီနောင်မဟာမိတ် (၃) ဖွဲ့ ဖြစ်သော ကိုးကန့်တပ်မတော်(MNDAA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA)တို့က ပူးပေါင်းဆင်နွှဲခဲ့ပြီး နိုဝင်ဘာလ ၂ ရက်နေ့တွင် ချင်းရွှေဟော်၊ ဖောင်းဆိုင်၊ ကြူကုတ်( ပန်ဆိုင်း) အပါအဝင် သိန္နီမြို့တို့ကို အလုံးစုံထိန်းချုပ်နိုင်ခဲ့သည်။

## ကုန်းကြမ်း

နိုဝင်ဘာလ ၂၈ ရက်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်နယ်စပ် ကုန်းကြမ်းမြို့ အခြေစိုက် အမှတ် ၁၂၅ ခြေလျင်တပ်ရင်းတစ်ရင်းလုံး အလံဖြူပြ၍ လက်နက်ချခဲ့သောကြောင့် ကိုးကန့်တပ်မတော် (MNDAA) က ကုန်းကြမ်းမြို့ကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။

## မုံးကိုး

နိုဝင်ဘာလ ၅ ရက်နေ့က စစ်တပ်၏ အရေးပါသည့် မုံးကိုးဗျူဟာကုန်းကို ကိုးကန့်တပ်မတော် (MNDAA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး မူဆယ်မြို့နယ်၊ မုံးကိုးမြို့ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် အလုံးစုံထိန်းချုပ်နိုင်ခဲ့သည်။

## ကွမ်းလုံ

နိုဝင်ဘာလ ၁ ရက်နေ့က စတင်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွမ်းလုံမြို့ စစ်ဆင်ရေးကို ကိုးကန့်တပ်မတော် (MNDAA)က စတင်ခဲ့ပြီး စစ်ကောင်စီတပ်စခန်းများနှင့် အုပ်ချုပ်ရေးဌာနများကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

Source : BNI - MPM DATA (7 Dec 2023)


BURMA NEWS INTERNATIONAL
MYANMAR PEACE MONITOR


BNI - Myanmar Peace Monitor
mmpeacemonitor.org
https://t.me/bni_mmpeacemonitor


# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ နိုဝင်ဘာလ ၂၉ ရက် မှ ဒီဇင်ဘာလ ၅ ရက် တပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၉ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ချင်းပြည်နယ်သည် တိုက်ပွဲ ဖြစ်ပွားမှု ရက်ပေါင်း ၈ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့် အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။

တစ်ပတ်အတွင်း မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှု ၂၉




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

နိုဝင်ဘာ ၂၉ – ဒီဇင်ဘာ ၅ ၂၀၂၃

| ၂၈ | ၀ | ၃၄ |
|---|---|---|
| စစ်ကောင်စီတပ်သားသေဆုံးမှု | ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု | အရပ်သားသေဆုံးမှု |





## ၃၁၇၀၀ စစ်ဘေးရှောင်အရေအတွက် (နိုဝင်ဘာ ၂၉ – ဒီဇင်ဘာ ၅ – ၂၀၂၃)





# စစ်ကိုင်း

နိုဝင်ဘာလ ၂၉ ရက်နေ့က ဘုတလင်မြို့ရဲစခန်းနှင့် CB ဘဏ်၌ တပ်စွဲထားသည့် စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့ကို ပြည်သူ့ကာကွယ်ရေးတပ်က ဒရုန်းဖြင့်ပုံးကြဲတိုက်ခိုက်ခဲ့ရာ စစ်သားနှစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။[1] ထို့အပြင် စစ်ကောင်စီတပ်နှင့် ပျူစောထီးပူးပေါင်းအဖွဲ့သတ်ဖြတ်မှုများကြောင့် တမူး၊ ယင်းမာပင်နှင့်မုံရွာမြို့နယ်များမှ ဒေသခံပြည်သူ ၁၈ဦးသေဆုံးခဲ့သည်။





## မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁ ရက်




# မကွေးတိုင်း

နိုဝင်ဘာလ ၂၆ ရက်နေ့က ဂန့်ဂေါမြို့နယ်၊ ကန်ရွာရဲစခန်းမှ ထွက်ပြေးသွားသည့် စစ်ကောင်စီလက်အောက်ခံ ရဲ ၃ ဦး ရေနစ်သေဆုံးခဲ့သည်။[2] ထို့အပြင် ဒီဇင်ဘာလ ၄ ရက်နေ့က ဆိပ်ဖြူမြို့နယ်အခြေစိုက် ကန်ဇွန်းမ နယ်မြေ ရဲစခန်းကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၇ ဦး သေဆုံး၍ ၁၅ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ [3]





1 ဘုတလင်မြို့ပေါ် ၂နေရာမှ စစ်ကောင်စီတပ်ဖွဲ့ကို တိုက်ခိုက်မှု ၂ဦး သေဆုံးဟုဆို https://bit.ly/3N7c15h

2 ကန်ရွာရဲစခန်းကို စွန့်ခွာထွက်ပြေးသွားသူတွေထဲက ရဲသုံးဦးရေနစ်သေဆုံး https://bit.ly/47zsxTR

3 ဆိပ်ဖြူ ကန်ဇွန်းမနယ်မြေရဲစခန်းကိုတိုက်ခိုက် ၇ ဦးသေဆုံး https://bit.ly/3RtTCSD


မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၅ ရက်




# ပဲခူးတိုင်း


နိုဝင်ဘာလ ၂၉ ရက်နေ့က ပေါက်ခေါင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ညောင်ကုန်းရွာနှင့် ချင်းလည်ရွာကြား ခရိုင်ချင်းဆက်လမ်းပေါ်မှာရှိသည့် စစ်ကောင်စီ စစ်ဆေးရေးဂိတ်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သည်။[4] ထို့အပြင် နိုဝင်ဘာလ ၃၀ ရက်နေ့က ဖြူးမြို့နယ်၊ ကျော်လှကြီးကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။[5] ဒီဇင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့ရှိ စစ်ကောင်စီတပ်စခန်းများကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(K.N.L.A) နှင့် တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များက တိုက်ခိုက်ခဲ့ရာ ဒီဇင်ဘာလ ၄ ရက်နေ့တွင် မုန်းမြို့အား သိမ်းပိုက်နိုင်ခဲ့သည်။[6]

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂ ရက်




# ရှမ်း (သျှမ်း) ပြည်နယ်


မူဆယ်နှင့်ကျောက်မဲမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ ကိုးကန့်(MNDAA)နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် လားရှိုး၊ သိန္နီ၊ နမ့်ခမ်းနှင့် ကျောက်မဲမြို့နယ်များမှ ဒေသခံပြည်သူ ၉ ဦး သေဆုံးခဲ့သည်။




4 ပေါက်ခေါင်းခရိုင်ချင်းဆက်လမ်းပေါ်က စစ်ကောင်စီ စစ်ဆေးရေးဂိတ်တိုက်ခိုက်ခံရ https://bit.ly/3Na8P8N


5 ဖြူးမြို့နယ်တွင် တိုက်ပွဲဖြစ်ပြီး စစ်တပ်က လေကြောင်းမှတိုက်ခိုက် https://tinyurl.com/2f9739hv

6 မုန်းမြို့ကို ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ တိုက်ခိုက်သိမ်းပိုက် https://bit.ly/3t3MGCg




# ကချင်

ရွှေကူနှင့် မိုးကောင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် ဒီဇင်ဘာလ ၅ ရက်နေ့ က ဦးရွှေမင်းဦးဆောင်သည့် လီဆူပြည်သူ့စစ်အဖွဲ့က ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ဝိုင်းမော်မြို့နယ်၊ အောင်မြေ (၁)ကျေးရွာမှ လီဆူအမျိုးသားတစ်ယောက် သေဆုံးခဲ့သည်။ [7]





7 ဝိုင်းမော်မှာ လက်နက်ကြီးထိမှန်မှုကြောင့် အရပ်သားပြည်သူတစ်ဦး သေဆုံး https://bit.ly/3uJdubw

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်




# မွန်

ဒီဇင်ဘာလ ၃ ရက်နေ့က ကျိုက်ထိုမြို့နယ်၊မုပ္ပလင်လမ်းဆုံရဲဂိတ်အား ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)နှင့် ကျိုက်ထိုတော်လှန်ရေးအင်အားစု(KRF) ပါဝင်သော ပူးပေါင်းတပ်များက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၃ ဦးသေဆုံးခဲ့ပြီး ၂ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[8] ထို့အပြင် ဒီဇင်ဘာလ ၄ ရက်နေ့က ကျိုက်ထိုမြို့နယ်တွင် ဘီးလင်းမှ ရန်ကုန်ဘက်ခြမ်းသို့ထွက်လာသည့် စစ်ကောင်စီတပ်၏ ယာဉ်တန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ပူးပေါင်းတပ်ဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၅ ဦး သေဆုံးခဲ့သည်။[9] ကျိုက်မရောမြို့နယ်မှာ တိုက်ပွဲဖြစ်ပွားနေသည့် နှစ်ပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနဲ့လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုတွေကြောင့် ချောင်းနှစ်ခွ၊ မယ်ကရိ၊ ကျောက်ကွဲ၊ ပေါလော၊ လှုကဖိုင်း၊ တောင်ကလေး၊ ကော့စပ်အပါအဝင် ကျေးရွာ ၂၀ နီးပါးက ဒေသခံနှစ်သောင်းကျော် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည်။[10] နိုဝင်ဘာလ ၃၀ ရက်နေ့က သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်ရပ်ကွက်တွင် စစ်ကောင်စီတပ်၏ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (စရဖ) သတင်းပေးတစ်ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။[11] ဒီဇင်ဘာလ ၁ ရက်နေ့က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့် ကျိုက်မရောမြို့နယ်၊ မိကသစ်ကျေးရွာမှ ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူခဲ့သည်။[12]





8 မုပလွင်လမ်းဆုံ ရဲဂိတ်တိုက်ခိုက်ခံရပြီး စစ်ကောင်စီ အရာရှိတစ်ဦးအပါအဝင် (၃)ဦးသေဆုံး၊ နှစ်ဦး ထက်မနည်းဒဏ်ရာရ https://bit.ly/3t2ynOo

9 ကျိုက်ထိုမြို့နယ်တွင် စစ်ကောင်စီယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရ၊ ဗိုလ်ကြီးအပါအဝင် ၅ဦးသေဆုံး https://bit.ly/481rqMr

10 ကျိုက်မရောတိုက်ပွဲကြောင့် စစ်ရှောင်ဒုက္ခသည် နှစ်သောင်းကျော် အထိတိုးလာ https://tinyurl.com/2uc8yawp


11 သထုံတွင် စရဖ သတင်းပေးတစ်ဦး ပစ်သတ်ခံရ https://bit.ly/3sXScq5

12 ကျိုက်မရောတွင် စစ်ကောင်စီတပ် ဗုံးကြဲခဲ့ခြင်းကြောင့် ဘုန်းကြီးတစ်ပါးပျံလွန်တော်မူ https://bit.ly/4a1CyL5




# ချင်း

ဒီဇင်ဘာလ ၁ ရက်နေ့က မတူပီ – မင်းတပ်လမ်းပေါ်ရှိ မတူပီမြို့အဝင်အနီးက စစ်ကောင်စီကာကင်းကုန်စခန်းကို ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၇ ဦး သေဆုံးခဲ့သည်။[13] ထို့အပြင် နိုဝင်ဘာလ ၁၄ ရက်နေ့ကစ၍ ပလက်ဝ မြို့နယ်ထဲက ရဟတ်ယာဉ်ကွင်း ၂ ခုရှိသည့် တရွှန်အိုင်ဗျူဟာ စခန်းကုန်းကို ရက္ခိုင့်တပ်တော်(AA)က တိုက်ခိုက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်နေ့တွင် အပြီးသတ် သိမ်းပိုက်နိုင်ခဲ့သည်။ [14]




13 စခန်းသိမ်းတိုက်ပွဲထိ စစ်ရှိန်မြှင့်မည့် မတူပီမှာ မြို့အဝင်က စစ်စခန်းကို စတင်စီးနင်းတိုက်ခိုက်၊ ဗိုလ်ကြီးအပါအဝင် ၇ ဦး သေဆုံး https://bit.ly/3RsATaf

14 ကုလားတန်မြစ်ဘေးက စစ်တပ်ရဲ့အရေးကြီး ဗျူဟာကုန်း "တရွှန်အိုင်" ကို ရက်ပေါင်း ၂၀ ကြာ တိုက်ခိုက်ပြီးတဲ့နောက် အပြီးသတ်သိမ်းပိုက်လိုက်ကြောင်း AA အသိပေး https://bit.ly/4a3MqDX


မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်




## ကယား


ဒီဇင်ဘာလ ၃ ရက်နေ့က ရှားတောမြို့နယ်မှာရှိသည့် စစ်ကောင်စီတပ်၏ အမှတ် ၇၂ ခြေလျင်တပ်ရင်း၊ ပွန်ချောင်း တပ်စခန်းကို ကရင်နီတော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက သိမ်းပိုက်ရရှိခဲ့သည်။[15]

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၃ ရက်





## ရခိုင်

ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ပေါက်တောမြို့နယ်တွင် စစ်ကောင်စီတပ်နှင့်ရက္ခိုင့်တပ်တော်(AA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ထို့အပြင် ဒီဇင်ဘာလ ၄ ရက်နေ့တွင် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် စစ်တွေမြို့နယ်၊ ချီလည်ဖင်း ကျေးရွာမှ ဒေသခံ ၁ ဦး သေဆုံး၍ ကိုရင်တစ်ပါး အပါအဝင် ၄ ဦးထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ [16]





15 စစ်ကောင်စီတပ်ရဲ့ ပွန်ချောင်းတပ်စခန်းကို တော်လှန်ရေးတပ်များ သိမ်းပိုက်ရရှိ https://bit.ly/46Lxo31

16 အကြမ်းဖက် မြန်မာစစ်တပ်က စစ်တွေမြို့နယ်ချီလည်ဖင်းရွာထဲ လက်နက်ကြီးပစ်ခတ်၍ ရွာသား ၁ ဦးသေဆုံးပြီး ကိုရင်တစ်ပါးအပါအဝင် ၄ ဦး ထက်မနည်းထိခိုက်ဒဏ်ရာရ https://bit.ly/3GsOack





## မန္တလေး

နိုဝင်ဘာလ ၂၉ ရက်နေ့က တောင်သာမြို့နယ်၊ တမိုက်သာကျေးရွာတွင် စစ်ကောင်စီလက်အောက်ခံ ပျူစောထီးအဖွဲ့နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ ပျူစောထီးအဖွဲ့ဝင် ၁ ဦးသေဆုံး၍ လက်နက် ၅ လက် သိမ်းဆည်းရမိခဲ့သည်။ [17]




17 တောင်သာမြို့ ပျူအဖွဲ့အားပစ်ခတ်ခဲ့ရာ သေဆုံးမှုရှိ လက်နက် ၅ လက် သိမ်းဆည်းရမိ https://bit.ly/3sXfjky





# တနင်္သာရီ

နိုဝင်ဘာလ ၂၉ ရက်နေ့က တနင်္သာရီမြို့နယ်၊ ဘန်းလမွတ်ကျေးရွာအုပ်စု၊ ကမ်းတို ကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ သည်။[18] ထို့အပြင် ဒီဇင်ဘာလ ၂ရက်နေ့က မြိတ်မြို့နယ်၊ တုံးဗျောကြီးကျေးရွာမှ စစ် ကောင် စီတပ်စခန်းကိုလည်း ပြည်သူ့ကာကွယ်ရေးပူးပေါင်း တပ်များက ဝင်ရောက် တိုက် ခိုက်ခဲ့ကြသည်။[19]


18 တနင်္သာရီမှာ စစ်ကားနှစ်စီးမိုင်းဆွဲတိုက်ခိုက်ခံရ၊ ထိခိုက်သေဆုံးမှုရှိနိုင် https://tinyurl.com/2p96vdnt

19 တနင်္သာရီတွင် စစ်ယာဉ်တန်းနဲ့ စစ်စခန်းကို တိုက်ခိုက် https://bit.ly/3Gv9rCh




# ကရင်

ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ကော့ကရိတ်မြို့ပေါ်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ပူးပေါင်းတပ်ဖွဲ့များတိုက်ပွဲဖြစ်ပွားခဲ့သည်။ [20] အဆိုပါ ကော့ကရိတ်မြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုကြောင့် ကျေးရွာပေါင်း ၂၄ ရွာတွင် နေထိုင်သည့် ဒေသခံ ၁၁၇၀၀ ခန့် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။[21] ဒီဇင်ဘာလ ၁ ရက်နေ့က စစ်ကောင်စီတပ်လေယာဉ်ဖြင့်ပုံးကြဲမှုကြောင့် ကော့ကရိတ်မြို့ တောင်ဘက်ပိုင်းရှိ အံ့ဖကြီး ကျေးရွာ နေအိမ်တစ်လုံးပေါ်ပုံးသီးကျခဲ့ရာ အိမ်ရှင်မိသားစုဝင် အမျိုးသမီးတစ်ဦးသေဆုံးပြီးအမျိုးသားတစ်ဦး ဦးခေါင်း ထိခိုက်ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။[22] ထို့အပြင် ဒီဇင်ဘာလ ၅ ရက်နေ့က ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့၊ ရပ်ကွက် (၃)၊ ကံ့ကော်လမ်းသွယ်နေ ဦးမြကျော်ဆိုသူသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။[23]




20 ကော့ကရိတ်မြို့မှာ တိုက်ပွဲဆက်လက်ပြင်းထန် https://bit.ly/48jQ631

21 ကော့ကရိတ် ဒေသတိုက်ပွဲအတွင်း ရွာပေါင်း ၂၄ ရွာ မှ လူ တစ်သောင်းကျော် နေရပ်စွန့်ခွာ ထွက်ပြေးနေရ https://bit.ly/3NddGWK


22 ကော့ကရိတ်မြို့ တိုက်ပွဲအတွင်း အရပ်သားထိခိုက်မှုရှိနေ https://bit.ly/3GIz2YJ

23 ဘုရားသုံးဆူမြို့ခံ အမျိုးသားတစ်ဦး ပစ်သတ်ခံရ https://bit.ly/486HXyL



# ရန်ကုန်

ဒီဇင်ဘာလ ၁ ရက်နေ့က စစ်ကောင်စီဝင်ဟောင်း ဦးသိန်းညွှန့်တည်ထောင်သည့် အမျိုးသား ဒီမိုကရေစီပါတီသစ်၏ လက်ရှိ ဥက္ကဋ္ဌ ဦးသန်းထွန်းဆိုသူ ရန်ကုန်မြို့၊ သဃ်န်းကျွန်းနေအိမ် မှာ ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ [24]




24 ရန်ကုန်မှာ ပါတီဥက္ကဋ္ဌ တစ်ဦး ပစ်သတ်ခံရ https://bbc.in/3sZ3OJq




၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် Fortify Rights အပါအဝင် မြန်မာနိုင်ငံမှ တိုင်ကြားသူ ၁၆ ဦးသည် မြန်မာစစ်ဗိုလ်ချုပ်များနှင့် အပေါင်းအပါများကို ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွေအတွင်း ကျူးလွန်ခဲ့ကြသော ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုတွေ အပါအဝင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု စတင်ချိန်ကတည်းက တနိုင်ငံလုံးအပေါ် ကျူးလွန်ခဲ့တဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုတွေအပေါ် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်စည်းမျဉ်းအရတိုင်ကြားခဲ့သည်။ သို့သော် ဂျာမနီ ပြည်ထောင်စုအစိုးရရှေ့နေချုပ်က ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးမှုမပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ အကြောင်းရင်းမှာ တိုင်ကြားခံရသောသံသယရှိသူများသည် ဂျာမနီနိုင်ငံမှာမရှိနေခြင်းနှင့် ထိုစုံစမ်းစစ်ဆေးမှုသည် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM)၏ လုပ်ငန်းတာဝန်နှင့် တပုံစံတည်းထပ်နေသည်ဟုယူဆသောကြောင့်ဖြစ်ကြောင်း သိရသည်။ သို့သော် လက်ရှိတွင် Fortify Rights အဖွဲ့အနေဖြင့် ကျူးလွန်မှုတွေများကို အဆုံးသတ်ရန်နှင့် တာဝန်ခံယူမှု ရှိစေရန် လွတ်မြောက်လာသူများနှင့်တကွ နည်းဗျူဟာအသစ်နှင့် လုပ်ဆောင်နေပြီဖြစ်ကြောင်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါသည်။ [1]

မြန်မာနိုင်ငံတွင် တိုက်ပွဲများ ပြင်းထန်လာလျှင် နယ်စပ်တလျှောက် စစ်ဘေးဒုက္ခသည်များကို လက်ခံသွားရန်နှင့် အမိုးအကာများ ဆောက်လုပ်ပေးရန်အသင့်ရှိနေကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ပန်ပရီးဗဟီးဒါနူကာရာက ဒီဇင်ဘာ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့အပြင် ထိုင်းအစိုးရအနေနဲ့ မြန်မာနိုင်ငံ၏ အခြေအနေများကို စောင့်ကြည့်နေကြောင်းနှင့် ပဋိပက္ခအတွင်း ပတ်သက်နေကြသော အဖွဲ့တွေအားလုံး တိုက်ပွဲများကို အဆုံးသတ်ကြပြီး အမြန်ဆုံးဆွေးနွေးညှိနှိုင်းကြရန်လည်း တောင်းဆိုထားသည်။ ကုလ

---

1 မြန်မာစစ်ခေါင်းဆောင်နှင့် စစ်ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန် ဂျာမနီ ငြင်းဆို https://burmese.dvb.no/post/627481

> ကရင်နီဒေသမှ တိုက်ပွဲတွေကြောင့် တိမ်းရှောင် ထွက်ပြေးခဲ့ကြသော စစ်ဘေးဒုက္ခသည်ထောင်ချီကို ထိုင်းအာဏာပိုင်များက မြန်မာနိုင်ငံဘက်ပြန်ပို့ခဲ့ပြီး ထိုလုပ်ရပ်ကို ရပ်တန့်ပေးရန်လည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က ထုတ်ပြန်ထားသည်။

သမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီရဲ့ထုတ်ပြန်ချက်တွေအရ ထိုင်းနိုင်ငံ ယာယီဒုက္ခသည် စခန်း ၉ ခုအတွင်း မြန်မာဒုက္ခသည်ပေါင်း ၉၁,၀၀၀ ကျော်၏ရှိနေပြီး ထိုင်းနိုင်ငံတွင် ဒုက္ခသည်များကို အသိအမှတ်ပြု လက်ခံကာကွယ်ပေးထားသည့် ဥပဒေမူဘောင် မရှိခြင်းကြောင့် ဒုက္ခသည်များအနေဖြင့်ထိုင်းနိုင်ငံ၏ ၁၉၇၉ ခုနှစ် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေအရ နိုင်ငံတွင်း တရားမဝင် ဝင်ရောက်မှု၊ သို့မဟုတ် နေထိုင်မှု စသည့် ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့် မတရားဖမ်းဆီးချုပ်နှောင်ခံရမှုများကိုရင်ဆိုင်နေကြကြောင်း သိရသည်။ ထို့အပြင် မကြာသေးခင်က ကရင်နီဒေသမှ တိုက်ပွဲတွေကြောင့် တိမ်းရှောင် ထွက်ပြေးခဲ့ကြသော စစ်ဘေးဒုက္ခသည်ထောင်ချီကို ထိုင်းအာဏာပိုင်များက မြန်မာနိုင်ငံဘက် ပြန်ပို့ခဲ့ပြီး ထိုလုပ်ရပ်ကို ရပ်တန့်ပေးရန်လည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က ထုတ်ပြန်ထားသည်။ [2]

ဒီဇင်ဘာ ၅ ရက်နေ့တွင် ရုရှားနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikolai PATRUSHEV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ကို ရုရှား-မြန်မာ ပိုမိုနီးကပ်အောင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် Order of Alexander Nevsky ဘွဲ့နှင့် Order of Friendship ဘွဲ့တံဆိပ်များကို အသီးသီးပေးအပ်ခဲ့သည်။ ဘွဲ့တံဆိပ် လာရောက်ပေးအပ်ခဲ့သည့်Mr. Nikolai PATRUSHEVကိုလည်း စစ်ကောင်စီခေါင်းဆောင်မင်းအောင်လှိုင်က သရေစည်သူဘွဲ့ ပြန်လည်ပေးအပ်ခဲ့သည်။ ရုရှား ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာစစ်ခေါင်းဆောင်များ တွေ့ဆုံချိန်တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ စီးပွားရေးနဲ့ လျှပ်စစ်ကဏ္ဍများ ဆွေးနွေးခဲ့ပြီး နိုင်ငံတကာ မျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ အစဉ်အမြဲရပ်တည်သွားမယ်ဆိုသည့် ရပ်တည်ချက်ကိစ္စလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့်နိုဝင်ဘာလတွင်လည်း ရုရှား-မြန်မာနှစ်နိုင်ငံ ပထမဆုံးအကြိမ် ပူးတွဲ ရေကြောင်း စစ်ရေးလေ့ကျင့်မှုကို တနင်္သာရီတိုင်း မြိတ်မြို့အနောက်ဘက် မြန်မာ့ရေပိုင်နက်ထဲတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ [3]

---

2 https://www.dvb.no/post/627947

3 https://www.rfa.org/burmese/news/min-aung-hlaing-get-awards-from-president-of-russia-12062023004632.html

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသောပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

**Weekly News Review**